## Network for Democracy and Development
## General Headquarters

network for democracy & development

P.O Box125, Mae Sot,Tak 63110, Thailand Tel : 66 55 546200 E-mail : nddghq04@csloxinfo.com

# ကရင်အမျိုးသားခေါင်းဆောင် ဖဒိုမန်းရှာလဖန်း လုပ်ကြံခံခဲ့ရ ခြင်းအတွက် ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု (NDD) မှပေးပို့သော ဝမ်းနည်းကြောင်းသဝဏ်လွှာ

၂၀၀၈ခုနှစ်ဖေဖော်ဝါရီလ (၁၄)ရက်နေ့တွင် လုပ်ကြံခံခဲ့ရသော ကရင်အမျိုးသားအစည်းအရုံး **(KNU)**၏ အထွေထွေအတွင်းရေးမှူး ဖဒိုမန်းရှာလဖန်းသည် အမျိုးသားလွတ်မြောက်ရေး တိုက်ပွဲကာလ တလျှောက်လုံး ပြည်သူလူထုဘက်မှရပ်တည်၍ တိုက်ပွဲဝင်ခဲ့သော တပ်ပေါင်းစုခေါင်းဆောင်တစ်ဦး ဖြစ်ပေသည်။

အထွေထွေအတွင်းရေးမှူး ဖဒိုမန်းရှာလဖန်းသည် ကရင်အမျိုးသားတို့၏ ခေါင်းဆောင်တစ်ဦး အဖြစ်သာမက အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု**(NDF)** မြန်မာပြည် ဒီမိုကရက်တစ် မဟာမိတ် အဖွဲ့ချုပ်**(DAB)**နှင့်ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ**(NCUB)**၊တပ်ပေါင်းစုခေါင်းဆောင် အဖြစ်စစ်အာဏာရှင်စံနစ် တိုက်ဖျက်ရေး၊ လူ့အခွင့်အရေးရရှိရေး ဒီမိုကရေစီရေး၊ ဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေး၊ပြည်တွင်းစစ်ရပ်စဲရေး၊ပြည်တွင်းငြိမ်းချမ်းရေးရရှိရေးအတွက်ကျရာ သမိုင်း ပေးတာဝန်ကိုကျေပွန်အောင်ထမ်းဆောင်ခဲ့သော နိုင်ငံရေးခေါင်းဆောင်တစ်ဦးလည်းဖြစ်ပေသည်။

ထို့အပြင်တိုက်ပွဲကာလတလျှောက်လုံးတွင် ဖဒိုမန်းရှာလဖန်းသည် လူငယ်များ အမျိုးသမီး များအား စွမ်းရည်မြင့်တက်လာစေရေးနှင့် တော်လှန်ရေးစိတ်ဓါတ်ရင့်သန်စေရန် အားပေးအားမြှောက် ပြုခဲ့သူလည်း ဖြစ်ပေသည်။

ဖဒိုမန်းရှာလဖန်းသည် ကရင်အမျိုးသားတို့၏ တိုက်ပွဲဖြတ်သန်းမှုသမိုင်းစဉ်တလျှောက်လုံးမှစ၍ ယခုလုပ်ကြံခံရချိန်အထိ ပြည်သူလူထုအပေါ် သစ္စာရှိ၍ ပြည်ထောင်စုကြီး တစ်ခုလုံးလွတ်လပ်ခြင်း၊ တရားမျှတခြင်းနှင့် ငြိမ်းချမ်းခြင်းတို့အတွက် မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသား လုပ်သားပြည်သူများ အားလုံး၏ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့် ရရှိရေးအတွက် ကြံ့ကြံ့ခံတိုက်ပွဲဝင်ခဲ့သည်။

ယနေ့ကာလပြည်သူလူထု၏ နိုင်ငံရေးနိုးကြားမှုနှင့်သမိုင်းရေးလိုအပ်ချက်အရ နိုင်ငံအပြောင်းလဲ အတွက်အရေးကြီးချိန်တွင် အထွေထွေအတွင်းရေးမှူး ဖဒိုမန်းရှာလဖန်း အားဆုံးရှုံးခဲ့ရခြင်းသည် တပ်ပေါင်းစုအတွက်သာမက အနာဂါတ်ပြည်ထောင်စုကြီးအတွက် ကြီးမားသောဆုံးရှုံးမှုလည်း ဖြစ်ပေသည်။ ဖဒိုမန်းရှာလဖန်း လုပ်ကြံခံခဲ့ရခြင်းအပေါ် ကျန်ရစ်သူမိသားစု၊ ကရင်အမျိုးသားများ၊ တပ်ပေါင်းစုခေါင်းဆောင်များနှင့် ထပ်တူထပ်မျှကြေကွဲရပါကြောင်းဖော်ပြရင်း ဝမ်းနည်းစွာဖြင့် ဤသဝဏ်လွှာကို ပေးပို့အပ်ပါသည်။

ဖဒိုမန်းရှာလဖန်း ကောင်းရာသုဂတိလားပါစေ။

ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု
Network for Democracy and Development ( NDD )

ရက်စွဲ ။၂၀၀၈ခုနှစ် ဖေဖော်ဝါရီလ (၁၅)ရက်။